


၁၇.၀၄.၂၀၂၀

# အိမ်တွင်းအကြမ်းဖက်မှုကို COVID-19 ပျံ့နှံ့မှုနှင့်အတူ မရှိစေရပါ




လွန်ခဲ့သော ၁၂ လ ခန့်က ကမာ္ဘပေါ်ရှိအမျိုးသမီး ၅ ယောက်တွင် တစ်ယောက်မှာ သူမ၏အိမ်သားဖြစ်သူမှ အကြမ်းဖက်ခြင်းကို ခံခဲ့ကြရသည်။ COVID-19 ကပ်ရောဂါအခြေအနေက ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအပေါ် အခြေအနေ ပိုမိုဆိုးရွားလာစေခဲ့သည်။ လွန်ခဲ့သည့် ရက်သတပတ် အနည်းအငယ်အတွင်း ပြင်သစ်၊ တူနီးရှား၊ အာဂျင်တီးနားနှင့် စင်ကာပူနိုင်ငံများ အပါအဝင် နိုင်ငံတော်တော်များများတွင် အိမ်တွင်းအကြမ်းဖက်မှုများ  သိသိသာသာ တိုးများလာခဲ့သည်။

ဒီလိုဖြစ်ရပ်မျိုးကို တုံ့ပြန်နိုင်ဖို့အတွက် ကပ်ရောဂါထိန်းချုပ်နိုင်ဖို့ ချမှတ်သည့် မူဝါဒကဲ့သို့ အမြန်ဆုံး လုပ်ဆောင်ကြရမည်။ ပြည့်စုံသော သတိပေးမှု၊ ကာကွယ်မှုစနစ် အကောင်အထည်ဖော်ဖို့ သို့မဟုတ် အားဖြည့်ဖို့အတွက် နိုင်ငံတော်အစိုးရတော်တော်များများ ဘယ်အရာမဆို အတတ်နိုင်ဆုံး လုပ်ကြရမည်ဖြစ်ပြီး ထိုကျူးလွန်မှုအတွက် သည်းခံပြီး အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့် မရှိကြောင်းကို ထင်ထင်ရှားရှား အသိပေးထားရမည်။  နိုင်ငံတော်တော်များများ ထိုသို့ လုပ်ဆောင်နေကြပြီ ဖြစ်ပါသည်။

လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှုနှင့် အလုပ်သွားရောက်လုပ်ကိုင်နေကြရသည့် အဖွဲ့ဝင်များ ကျန်းမာရေးနှင့်အညီ ဖြစ်စေဖို့ သမဂတော်တော်များများ ကြိုးစားနေကြရပါသည်။ ILO ပြဋ္ဌာန်းချက် ၁၉၀ (C190) နှင့် အကြံပြုထောက်ခံချက် ၂၀၆ (R206) တွင် ပိုမိုသင့်တော်သည့်ပုံစံမျိုး ညွှန်းဆိုထားသည့် အတိုင်း ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုသည် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်ခံရမှုနှင့် အနှောင့်အယှက်ပေးခံရမှုတို့ကို တန်ပြန်နိုင်သည့်အပေါ် မူတည်ပါသည်။ ။ IUF မိတ်ဖွဲ့ဝင်တော်တော်များများ အိမ်တွင်းအကြမ်းဖက်ခံရမှုကို တိုက်ဖျက်သည့် ကြိုးပမ်းချက်ကို ၄င်းတို့၏ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံမှု၊ တန်းတူညီမျှမှု မူဝါဒများတွင် ထည့်သွင်းလာခဲ့ကြသည်မှာ အချိန်အတန်ကြခဲ့ပါပြီ။ လတ်တလောမှ ကျင်းပပြီးစီးခဲ့သော IUF ညီလာခံကြီး အတောအတွင်းတွင် အမျိုးသားကိုယ်စားလှယ်များမှ သူတို့သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ကျူးလွန်ခြင်း၊ ခွင့်လွှတ်ခြင်းနှင့် မသိကျိုးကျွံပြုခြင်းမျိုး လုပ်မည်မဟုတ်ကြောင်း ကတိကဝတ်ပြုခဲ့ကြသည်။

အိမ်တွင်းအကြမ်းဖက်မှုအပေါ် ထိရောက်စွာ အရေးယူဖို့နဲ့ C190 ကို အတည်ပြုလက်မှတ်ရေးထိုးဖို့အတွက် အစိုးရကို ဖိအားပေးရာတွင် သမဂ္ဂတော်တော်များများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ထို့အပြင် အိမ်ပြန်ပို့ခံလိုက်ရပြီဖြစ်သော အမျိုးသမီး အလုပ်သမားတော်တော်များများအား သူတို့ သမဂ္ဂကိုယ်စားလှယ်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အဆက်အသွယ် ရှိစေတုန်းပဲဖြစ်ပါသည်။ သမဂ္ဂများသည် အခြားသော အစပျိုးလုပ်ဆောင်မှုများကိုလည်း ပြုလုပ်နိုင်သည်။ ဥပမာအားဖြင့် – အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ဒုက္ခသည်များ၏ အသေးစိတ်အချက်အလက်များ၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးပေးနိုင်သူ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ စားနပ်ရိက္ခာအကူအညီ ဖြန့်ဝေသူများ သတင်းအချက်အလက်၊ နောက်ဆုံး ထုတ်ပြန်ချက်များ၏ အခြေအနေ နှင့် **အိမ်တွင်းအကြမ်းဖက်ခံရသည့် အမျိုးသမီးများအား ပံ့ပိုးနိုင်မည့် နည်းလမ်းများအတွက် သတင်းအချက်အလက်များ**ကို ပံ့ပိုးပေးခြင်း တို့ လိုမျိုး ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် C190 နှင့် R206 တွင် ပါရှိသည့်အတိုင်း အလုပ်နယ်ပယ်တွင် အိမ်တွင်းအကြမ်းဖက်မှု၏ သက်ရောက်မှုအပေါ် တုံ့ပြန်ချက်ကို စုပေါင်းအရေးဆိုမှုအစီအစဉ်တွင် ထည့်သွင်းကြရမည်။ ရဲဘော်ရဲဘက်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် အလုပ်ရှင်များ အားလုံး အပိုင်းလိုက် အလုပ်လုပ်ကြရမည်။